ကတညုတာ စေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေး ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများကြိုးပမ်းမှုအပေါ်တည်မှီ လူမှုရေးအသင်းအဖွဲ့များကြိုးပမ်းမှုသည် အရေးပါသောကဏ္ဍမှာရှိသည်ဟုနိုင်ငံတော်ကအသိအမှတ်ပြု

မွန်မြတ်သောလူမှုစောင့်ရှောက်ရေးလုပ်ငန်းများအောင်မြင်စေရန်တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု

စာမျက်နှာ ၈ ကော်လံ ၁ ❑

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းညီလာခံစတင် ပြည်နယ်နှင့်တိုင်းအလိုက် အစီရင်ခံစာများ ဖတ်ကြားတင်သွင်း

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ပထမနေ့အစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

ညီလာခံသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဗဟို ကောင်စီဝင်များ တက်ရောက်ကြသည်။

ညီလာခံတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူးဒေါက်တာနွယ်ဦးက ဆောင်ရွက်သည်။ ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ထို့နောက် ညီလာခံ အစီအစဉ်ကို စတင်ကျင်းပရာ သဘာပတိ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

တင်သွင်း

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက

စာမျက်နှာ ၁၃ ကော်လံ ၁ ▼

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်အထိ ကွင်းဆင်းဆောင်ရွက် ကျေးလက်ပြည်သူတို့၏ လိုအပ်ချက် အမြဲမပြတ်သုံးသပ်ဖြည့်ဆည်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

အခြားပြည်နယ်၊ တိုင်းများနည်းတူ ဧရာဝတီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အများစုမှာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်ကို တွေ့နိုင်သည်။

လမ်းမကြီးများကို ဧရာဝတီတိုင်းအတွင်း မြို့ကြီးများအားလုံး ကွန်ရက်သဖွယ် ဆက်စပ်မိစေရန် ဖောက်လုပ်ပေးခဲ့ရာ ဧရာဝတီတိုင်းသည် မျက်မှောက်ကာလတွင် လမ်းသစ်များဖောက်လုပ်ပေးမှု၌ လမ်းမိုင်အရှည်လျားဆုံး တိုးတက်ဖြစ်ထွန်းလာခဲ့သည့် ဒေသတစ်ခုပင်ဖြစ်သည်။ အလားတူပင် တံတားကြီးများကို ဧရာဝတီတိုင်း၏ မြောက်မြားလှစွာသော မြစ်များ၊ ချောင်းများကို ဖြတ်ကျော်လျက် လမ်းများ ဆက်စပ်မိအောင် တည်ဆောက်ပေးခဲ့သည်ဖြစ်ရာ ဧရာဝတီတိုင်းတွင် ပေ ၁၈၀ အထက် မြစ်ကူး ချောင်းကူး တံတားကြီးပေါင်း ၃၉ စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယခုအချိန်အခါတွင် ရန်ကုန်–ပုသိမ်လမ်းမကြီးကို နိုင်လွန်ကတ္တရာခင်းလမ်းမကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိနေရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မည် ဖြစ်သည်။

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည်နှင့်အညီ ဆန်စပါးအထွက်တိုးရေး အစီအမံများ၊ လယ်ယာမြေဖော်ထုတ်ရေး အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏စပါးကျီ ဆိုသည့် ဂုဏ်ဒြပ်ကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းကြရန် လိုသည်။

ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်အစိုးရက မြင့်မားသည့် ရည်မှန်းချက်များ ထားရှိပြီး ဦးစားပေးအလိုက် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ မြို့နယ်အဆင့်ဆေးရုံတိုင်း (၂၅)ခုတင်ဆံ့ဆေးရုံဖြစ်ရေး၊ အချက်အချာကျသည့် ဒေသများတွင် တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ အဆင့်မြှင့်ဖွင့်လှစ်ပေးနိုင်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ တွဲဖက်ကျောင်းများအားလုံးကို ပုံမှန်ကျောင်းများ၊ ကျောင်းခွဲ များအဆင့်သို့ တိုးမြှင့်ပေးရန် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကျေးရွာများ စုစည်းမှုနှင့် လူဦးရေစုဖွဲ့နေထိုင်မှုအခြေအနေ၊ ကျောင်းသားများ တိုးပွားများပြားလာမှု အခြေအနေများကို တွက်ဆလျက် လိုအပ်သည့်နေရာဒေသများတွင် အခြေခံပညာကျောင်းများ အသစ်ဖွင့်လှစ်ပေးမှု၊ အဆင့်တိုးမြှင့်ပေးမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧပြီလ ၁၈ရက်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာ၌ ဂါဒီယန် ဦးစိန်ဝင်း လှူဒါန်းသော အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

“ဤကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ နယ်မြေဒေသများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ အားပေးစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်းတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ခံ ဌာနဆိုင်ရာအကြီးအကဲများ အားလုံးက မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မနားမနေ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း”

ပြောကြားသွားခဲ့သည်။

ကျေးလက်ဒေသများသည် မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးသောဒေသများ ဖြစ်သည်နှင့်အညီ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ အခြေအနေနှင့် လိုအပ်ချက်များကို အမြဲမပြတ်သုံးသပ်၍ တီထွင်ကြံဆ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဆိပ်ကမ်းတံတားများ၌ ကုန်တင်/ကုန်ချ လုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်အဖွဲ့ဝင်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲ ၁ နာရီက ဗိုလ်အောင်ကျော် ဆိပ်ကမ်း တံတားသို့ရောက်ရှိပြီး ကုန်သေတ္တာများကို ဓာတ်ရောင်ခြည်ဖြင့် ဖြတ်သန်းစစ်ဆေးနေမှုကို လည်း ကောင်း၊ ပြည်ပသို့ တင်ပို့မည့် ကုန်သေတ္တာများကိုဖွင့် ဖောက်စစ်ဆေးနေမှုကို လည်းကောင်း၊ ပြည်ပမှ တင်သွင်းလာသည့် ကုန်သေတ္တာအတွင်းရှိပစ္စည်းများကို ဖွင့်ဖောက် စစ်ဆေးနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂) သစ်တောထွက်ပစ္စည်း ကုန်သေတ္တာစစ်ဆေးရေးစခန်းသို့ သွားရောက်၍ ပြည်ပသို့တင်ပို့မည့် သစ်ကုန်သေတ္တာများကို ဖွင့်ဖောက်စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ၄င်းစခန်းရှိ အကောက်ခွန်နှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူ ဝန်ထမ်းများအား ဖွင့်ဖောက်စစ်ဆေးမှုများနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အသေးစိတ် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိုင်အမ်ဘီအေအသင်း အဘိဓမ္မာသင်တန်း

ရန်ကုန် ဧပြီ ၂၄

ဝိုင်အမ်ဘီအေ ဗုဒ္ဓကလျာဏ ယုဝအသင်း(၃၆)ကြိမ်မြောက် အဘိဓမ္မာသင်တန်းကိုမေ ၈ ရက်တွင်စတင်ဖွင့်လှစ်၍ သင်တန်းကိုအခမဲ့သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်လိုသူများ အမြန်လာရောက် စာရင်းပေးရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ဥပဒေအရာရှိအဆင့်–၄ (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းဆင်း

ရန်ကုန် ဧပြီ ၂၄

ရှေ့နေချုပ်ရုံး ဥပဒေအရာရှိ အဆင့်–၄(အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/၂၀၀၃)ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသည့် ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာသင်တန်းဆင်းအစီရင်ခံစာကို သင်တန်းမှူးဦးမြင့်သိန်း(ဥပဒေအရာရှိအဆင့်–၁)က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ရှေ့နေချုပ်ဦးအေးမောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော ကသ(၁၈) ဦးမျိုးမင်းသိန်း (၃/၂၅၉၇)၊ ဒုတိယဆုရရှိသော ကသ(၆)ဒေါ်ဝင့်နန္ဒာ(၃/၂၆၀၅)နှင့်တတိယဆုရရှိသော ကသ(၁၆)ဒေါ်နန္ဒာနှင်း (၃/၂၆၁၇)တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းက ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာများနှင့် ဥပဒေရင်ထိုးတံဆိပ်များကို သင်တန်းသား သင်တန်းသူတစ်ဦးချင်းစီ ပေးအပ်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧပြီ ၂၁ရက်က ခုခံအားကျဆင်းမှုရောဂါ ကာကွယ်တိုက်ဖျက်ရေး ပညာပေးဆိုင်းဘုတ် ဖွင့်ပွဲကို လှိုင်သာယာမြို့နယ် ညောင်တုန်းလမ်းမကြီးနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်တွင်ပြုလုပ်ရာ ခုခံအားကျမှု ရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဉာဏ်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၈၀)

တရားဟောကြားမည်

ရန်ကုန် ဧပြီ ၂၄

ရေဝတီတိုင်း ဖျာပုံမြို့ (၄) ရပ်ကွက် သီရိမင်္ဂလာ ကံဦးပရိယတ္တိ စာသင်တိုက်၌ ဓမ္မကာရီ သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချပွဲအကြို ဓမ္မသဘင်ကို ဧပြီ ၂၅ ရက် မှ ၂၆ ရက် အထိ စိန်စည်ဆရာတော်၊ ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ သာယာအေးဆရာတော်၊ ဧပြီ ၂၉ ရက်တွင် ဖြူးဆရာတော်၊ ဧပြီ ၃၀ ရက်တွင် မေတ္တာအေးဆရာတော်တို့က တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာ့မီးရထား ပါရမီခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပါရမီခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငမိုးရိပ်ရေလှောင်ကန်မှ ရန်ကုန်မြို့တော်သို့ ရေပေးရေးစီမံကိန်း လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

■ နိုင်ငံတော်မှ

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငမိုးရိပ်ရေလှောင်ကန်မှ ရန်ကုန်မြို့တော်သို့ရေပေးရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

အဆင့်မြင့်နည်းပညာအသုံးပြု

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူးဒေါက်တာထွန်းသန်းထွန်းက ငမိုးရိပ်ရေလှောင်ကန်မှရန်ကုန်မြို့သို့ ပိုးမွှားကင်းစင်သန့်ရှင်းသော သောက်သုံးရေဖြန့်ဝေနိုင်ရန် အဆင့်မြင့်နည်းပညာများအသုံးပြု၍ ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပါရမီခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်း Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယာဉ်သွားလာမှုများပြားသည့် မြို့တွင်းလမ်းများတိုးချဲ့ခြင်း၊ မြို့အဝင်အထွက်လမ်းမကြီးများတိုးချဲ့ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ခုံးကျော်တံတားတည်ဆောက်

ထို့အပြင် ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု ပိုမိုများပြားလာပြီး မြို့ပတ်နှင့်ဆင်ခြေဖုံး လော်ကယ်ရထားများသည် ၁၅မိနစ်လျှင်တစ်ကြိမ် သွားလာနေခြင်းတို့ကြောင့် ကားလမ်းကူး ဂိတ်တံခါးများပိတ်ထား၍ ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရထားခုံးကျော်တံတားများကို အဆင့်အလိုက် တည်ဆောက်သွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

ပါရမီခုံးကျော်တံတားမှာ မြို့ပတ်ရထားလမ်းနှင့် ပါရမီလမ်းမကြီးဆုံသော ကားလမ်းကူးနေရာတွင် တည်ရှိပြီး အလျား၁၁၇၅ပေ၊ အကျယ်၄၈ပေ လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ တံတား၏ တစ်ဖက်တစ်ချက်တွင် လေးပေအကျယ် လူသွားလမ်းများ ပါရှိမည်ဖြစ်ပြီး တံတားအမြင့်မှာ ၁၄ပေ ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ပါရမီခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကိုတွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ ရက်
(အဖိတ်နေ့)
၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၂၀	၇။	ရွှေလောင်းတံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံ့တကာသတင်းစဉ်
၁၁:၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၆)
၁၂:၁၅	၅။	အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (အပိုင်း-၂)
၁၂:၃၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကျော်နီချက်ဖောင်း"** (ဝေဠုကျော်၊ မြတ်ကေသီအောင်၊ လှအဥ္စလီတင့်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ဒီအေးလွင်)
၁၄:၃၀	၇။	ယူးချောင်းတံတား
၁၄:၄၅	၈။	International News
၁၅:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀	၇။	တေးဂီတအစီအစဉ်
၁၇:၄၀	၈။	စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၁၇:၅၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၆)
၁၉:၃၅	၁၃။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၄။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံ့တကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကွန်"** (အပိုင်း-၂) (ကျော်ဟိန်း၊ နန္ဒာလှိုင်၊ ချိုပြုံး) (ဒါရိုက်တာ-ကျော်ဇောလင်း)



နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ **မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။**

၂၀၀၄ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၀၀၄ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၅-၄-၂၀၀၄ ရက်နေ့၊ ၂၀၀၄ခုနှစ် မေလအတွက်
၉-၅-၂၀၀၄ ရက်နေ့ နှင့် ၃၀-၅-၂၀၀၄ရက်နေ့

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆမှုများမှာ အချို့သည် ခါးပတ်မပတ်ကြ၍ မလိုလားအပ်သော ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ကြရပါသည်။ သို့ပါ၍ ခါးပတ်ပါရှိသော ဆလွန်း၊ ဗင်နှင့် စတေရှင်ဝပ်ဂွန် အပါအဝင် ခါးပတ်ပါသော ယာဉ်များပေါ်တွင် မောင်းနှင်စီးနင်းကြသူများအနေဖြင့် ခါးပတ်ပတ်၍ စီးနင်းကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်မှ ဘူဂေးရီးယားတပ်ဖွဲ့ဝင်အချို့ ရုပ်သိမ်းဖွယ်ရှိ

ဆိုဖီယာ ဧပြီ ၂၃

အမေရိကန်တို့အနေဖြင့် အီရတ်အုပ်ချုပ်ရေးအဖွဲ့သို့ အာဏာလွှဲပေးခြင်းနှင့် ကုလသမဂ္ဂက အီရတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်အသစ်တစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့လျှင် ယခုနှစ် ဇွန်လကုန်၌ အီရတ်နိုင်ငံမှ မိမိ၏တပ်ဖွဲ့ဝင်အချို့ကို ပြန်ရုပ်သိမ်းရန် ဆန္ဒရှိကြောင်း ဘူဂေးရီးယားကာကွယ်ရေးဝန်ကြီး နီကိုလီဆဗင်နာရော့ဖ်က ပြောကြားသည်။

အီရတ်မှ စပိန်နှင့်အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခဲ့သော်လည်း ကာဘာလာမြို့တောင်ဘက်တွင် ဘူဂေးရီးယားခြေလျင်တပ်ဖွဲ့ဝင် ၄၅၀ကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အမေရိကန်ဦးဆောင်ဆင်နွှဲသည့် အီရတ်စစ်ပွဲ၏ အဓိကအထောက်အပံ့ပေးခဲ့သူတစ်ဦးနှင့် နေတိုးအဖွဲ့ဝင်သစ် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘူဂေးရီးယားက ကတိပေးခဲ့သည်။

ရုပ်သိမ်း

သို့ရာတွင် ကုလသမဂ္ဂက အီရတ်အရေးကိစ္စလွှဲပြောင်း တာဝန်ယူခဲ့လျှင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်အချို့ကို ရုပ်သိမ်းမည်ဟု ဆဗင်နာရော့ဖ်က ပြောကြားသည်။

စိုးရိမ်နေ

ယခုအခါ အီရတ်နိုင်ငံရှိ အမေရိကန်နှင့် အပေါင်းပါနိုင်ငံများမှ အချို့နိုင်ငံခြားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းလျက်ရှိရာ အမေရိကန်တို့အဖို့ စိုးရိမ်သောကရောက်လျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မအောင်မြင်
ဖော်လူဂျာ၌ ကန်တပ်ဖွဲ့များနှင့် အီရတ်လက်နက်ကိုင်တို့ တိုက်ပွဲဆက်လက်ဖြစ်ပွား

ဖော်လူဂျာ ဧပြီ ၂၂

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်လက်နက်ကိုင်တို့အကြား ရရှိထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် မအောင်မြင်ဘဲ တိုက်ခိုက်မှုများထပ်မံဖြစ်ပွားနေကြောင်း သိရှိရသည်။

ရွှေ့ပြောင်း

ဖော်လူဂျာမြို့တွင်းရှိ အီရတ်တိုက်ခိုက်ရေးသမားငါးဆယ်ခန့်သည် ယမန်နေ့နံနက်အစောပိုင်း၌ အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်ခဲ့ရာ ပြင်းထန်သော တိုက်ပွဲတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိပြီး ၎င်းတို့အနက် နှစ်ဦးကို ဆေးကုရန် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

တိုက်ခိုက်

အီရတ်တိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များအပြင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့နှင့် အီရတ်ရဲတပ်ဖွဲ့များအကြား ဆက်သွယ်ညှိနှိုင်းရေးအဖွဲ့ရုံးကိုလည်း ဦးတည်တိုက်ခိုက်ခဲ့သည်။ ယခုတိုက်ပွဲ၌ မြို့တွင်း တိုက်ခေါင်းမိုးပေါ်မှ အပြန်အလှန် တိုက်ခိုက်ကြခြင်းဖြစ်သည်။

မလိုက်လျော

ဖော်လူဂျာမြို့တွင် မည်သည့်အီရတ်လက်နက်ကိုင်များကမှ လက်နက်အပ်နှံခြင်းမရှိသကဲ့သို့ အမေရိကန်တို့တောင်းဆိုထားသော နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများအား လွှဲပြောင်းပေးရေးကိုလည်း လိုက်လျောဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

ကင်းလှည့်

ဧပြီ ၂၃ ရက်က ဘဂ္ဂဒက်မြို့ပေါ်တွင် ကင်းလှည့်ပျံသန်းနေသော အမေရိကန် ဘလက်ဟော့ခ် စစ်ရဟတ်ယာဉ်တစ်စင်းပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာ၌ဗုံးခွဲတိုက်ခိုက်မှု
ကြိုတင်အကွက်ချစီစဉ်ထားခြင်းဖြစ်

ဘာဆာရာ ဧပြီ ၂၂

အီရတ်နိုင်ငံဘာဆာရာမြို့သည် နိုင်ငံတစ်ဝန်း၌ ဒုတိယလူဦးရေ အထူထပ်ဆုံးမြို့ဖြစ်ကာ နိုင်ငံတစ်ဝန်းဖြစ်ပွားနေသော တိုက်ခိုက်မှုဖြစ်ရပ်မျိုးလည်း မဖြစ်ပေါ်ခဲ့ဖူးသည့် တည်ငြိမ်သော မြို့တစ်မြို့ဖြစ်သည်။

ယမန်နေ့က အသွားအလာများပြားသော နံနက်ခင်းအချိန်တွင် ဘာဆာရာရဲစခန်းများကို ပစ်မှတ်ထားကာ အသေခံဗုံးခွဲမှုဖြစ်ပွားခဲ့သည့်အတွက် တစ်မြို့လုံး တုန်လှုပ်ခဲ့သည်။

ဖောက်ခွဲ

အဆိုပါ ဖောက်ခွဲမှုများသည် စနစ်တကျ ကြိုတင်အကွက်ချ ဆောင်ရွက်မှုမျိုးဖြစ်ကာ ရဲစခန်းသုံးခုနှင့် ရဲသင်တန်းလေ့ကျင့်ရေးကျောင်းတို့အား ပစ်မှတ်ထားကာ ကားဗုံးလေးခုကို ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ပဋ္ဌမမြောက်ပေါက်ကွဲမှုကိုလည်း ကြားခဲ့ရကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုများကြောင့် သေဆုံးရသူများအနက် အနည်းဆုံး ၁၀ ဦးသည် ကလေးများဖြစ်ကြောင်း ပေါက်ကွဲမှုဖြစ်ပွားရာ နေရာအနီးတစ်ဝိုက်မှ ဆေးရုံများက ဒဏ်ရာရသူများအား ချက်ချင်းကုသပေးနိုင်သည့်အတွက် သေဆုံးသူဦးရေ လျော့ကျခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

အီရတ်ရဲတပ်ဖွဲ့ဝင်အများအပြားလည်း ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဘာဆာရာဖြစ်ရပ်ကြောင့် အီရတ် နိုင်ငံတဝန်း တိုက်ခိုက်မှုမှကင်းလွတ်သည့် နေရာမရှိကြောင်း သက်သေပြသကဲ့သို့ရှိသည်။

(စီအင်န်အင်န်)

အီရတ်ရှိဒိုမီနီကန်တပ်ဖွဲ့ဝင် ၃၀၀ နေရပ်သို့ပြန်ခေါ်မည်

ဆန်တိုဒိုမင်ဂို ဧပြီ ၂၃

ဒိုမီနီကန်သမ္မတနိုင်ငံ၏ အီရတ်၌ရှိသော တပ်ဖွဲ့ဝင် ၃၀၀ ကို လာမည့်နှစ်ပတ် သို့မဟုတ် နှစ်ပတ်ထက်လျော့သည့်အချိန်အတွင်း နေရပ်သို့ ပြန်ခေါ်မည်ဖြစ်ကြောင်း ဒိုမီနီကန်သမ္မတနိုင်ငံက ကြာသပတေးနေ့က ပြောကြားသည်။

ဒိုမီနီကန်နိုင်ငံသည် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ မိမိတပ်ဖွဲ့ဝင်များ အမြန်ဆုံးရုပ်သိမ်းမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

သမ္မတနှင့်မိမိတို့၏ဆန္ဒမှာဒိုမီနီကန်တပ်များအမြန်ဆုံးရုပ်သိမ်းရေးပင်ဖြစ်သည်ဟုလက်နက်ကိုင်တပ်များအတွင်းရေးမှူးက ဂျို့စ်မီဂျယ်ဆိုတိုဂျီမီနက်ဇ် ရုပ်မြင်သံကြား ဌာနသို့ ပြောကြားသည်။

ဒိုမီနီကန်တပ်များသည် နှစ်ပတ်အတွင်း အီရတ်မှပြန်ကြမည်ဖြစ်ကြောင်း၊ ထို့ထက်စောနိုင်စရာရှိကြောင်း လက်နက်ကိုင်တပ်များအတွင်းရေးမှူးက ပြောကြားသည်။

ဒိုမီနီကန်အစိုးရကယင်း၏ တပ်ဖွဲ့များကို အမြန်ဆုံးသိမ်းမည်ဖြစ်ကြောင်း အင်္ဂါနေ့၌ ပြောကြားခဲ့ပြီး ဟွန်ဒူးရပ်စ် နိုင်ငံကလည်း ၎င်း၏ တပ်ဖွဲ့ဝင် ၃၇၀ ကို နေအိမ်သို့ ယခု သီတင်းပတ်၌ပြန်ခေါ်မည်ဟု ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ

လုံခြုံရေး စောင့်ကြပ်

ဧပြီ ၂၃ ရက်က ဖော်လူဂျာမြို့ပြင် လမ်းမကြီး တစ်ခုပေါ်တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြောက်ကျားတို့ဖမ်းထားသော အီတလီစားစာခံသုံးဦး အသက်ရှင်လျက်ရှိကြောင်း အရိပ်အမြွက်သိရ

ရောမ ဧပြီ ၂၂

အီရတ်၌ ဖမ်းဆီးခံထားရသော အီတလီစားစာခံသုံးဦး လွတ်မြောက်ရေး ဇွေစပ်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ နောက်၄၈ နာရီသည် သေရေးရှင်ရေးတမျှ အရေးကြီးကြောင်း ဒေသဆိုင်ရာ သတင်းမီဒီယာက ဗုဒ္ဓဟူးနေ့က ဖော်ပြသည်။

အီရတ်ရှိ အီတလီစားစာခံသုံးဦးလွတ်မြောက်ရေး ဆွေးနွေးခဲ့ကြောင်း ယနေ့နှင့်မနက်ဖြန်သည် အရေးကြီးပြီး ၄၈ နာရီသည် အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း အီတလီထောက်လှမ်းရေး သတင်းရပ်ကွက်၏ ပြောဆိုချက်ကို အဆိုပါသတင်းဌာနက ပြောကြားသည်။

လွန်ခဲ့သော နာရီပိုင်းအတွင်းက အီတလီထောက်လှမ်းရေးအဖွဲ့နှင့် ဓားစာခံများ ဖမ်းဆီးသူများအကြား ဆက်သွယ်မှုများရှိခဲ့ကြောင်း၊ ဓားစာခံသုံးဦးအသက်ရှင်လျက်ရှိကြောင်း သတင်းအရိပ်အမြွက်များ မိမိတို့ရရှိခဲ့ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

အီတလီကြက်ခြေနီယာဉ်တန်းသည်ဖော်လူဂျာသို့ အင်္ဂါနေ့ကရောက်ရှိခဲ့ရာ ဆေးဝါးများနှင့် လူသားချင်းစာနာသည့် အထောက်အပံ့ပစ္စည်းများ ယူဆောင်လာခဲ့သည်။

အခြားယာဉ်တန်းသည် ယနေ့ရောက်မည်ဖြစ်ကြောင်း အီရတ်၌ ဆောင်ရွက်နေသော အီတလီကြက်ခြေနီအဖွဲ့ အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်သည့်ပုံစံပြောင်း အမေရိကန်တပ်များကိုစက်ဘီးဗုံးအသုံးပြု၍ တိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၂၃

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးအဖွဲ့ဝင်များ တင်းမာမှုဖြစ်နေချိန်တွင် သိမ်းပိုက်ရေးတပ်ဖွဲ့များကို စက်ဘီးဗုံးဖြင့် နည်းသစ်သုံးတိုက်ခိုက်လာကြောင်း အက်ဗ်ဇာမန်သတင်းစာက ကြာသပတေးနေ့၌ ဖော်ပြသည်။

လွန်ခဲ့သည့် နှစ်ရက်တွင် အမေရိကန်ယာဉ်တန်းတစ်ခုကို ဘဂ္ဂဒက်တောင်ဘက်ကီလိုမီတာ ၅၀အကွာရှိ ဟာဆွာမြို့၌ တိုက်ခိုက်ရာတွင် ခုခံတိုက်ခိုက်ရေးသမားများက ဗုံးတပ်ထားသော စက်ဘီးကို အသုံးပြုခဲ့ကြောင်း သတင်းစာက ရေးသားသည်။

စက်ဘီးကို လူသွားစင်္ကြံပေါ်၌ ရပ်ထားကြောင်း၊ စက်ဘီးဗုံးသည် အသံကျယ်လောင်စွာ ပေါက်ကွဲခဲ့ရာ တစ်မြို့လုံးက ကြားရကြောင်း၊ တစ်စုံတစ်ရာပျက်စီးမှုမရှိကြောင်း သတင်းစာက ဆက်လက်ရေးသား ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များကို လက်နက်မျိုးစုံဖြင့် နေ့စဉ်တိုက်ခိုက်လျက်ရှိသော်လည်း ယခုကဲ့သို့ စက်ဘီးဗုံးကို ခုခံတိုက်ခိုက်ရေးသမားများ အသုံးပြုခြင်းသည် ပထမဆုံးဖြစ်ရာ တိုက်ခိုက်မှုပုံစံပြောင်းလဲသည့် အဓိပ္ပာယ်ဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များအား ရထားလုံးများနှင့်တိရစ္ဆာန်အသေ ကောင်များကဲ့သို့ အခြားနည်းများ ကိုသုံးပြီး တိုက်ခိုက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ ပျောက်ဆုံးနေသည့်ဂျာမန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီဟု ဂျာမန်ပြည်ထဲရေးဝန်ကြီး ယုံကြည်

ဘာလင် ဧပြီ ၂၃

ယခုလစောစောပိုင်းက အီရတ်၌ ချုံခိုတိုက်ခိုက်ခံရသည့် ယာဉ်တန်းတွင် ပါလာသော ပျောက်ဆုံးနေသည့် ဂျာမန်အထူးလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားပြီဟု ယုံကြည်မိကြောင်း ဂျာမန်ပြည်ထဲရေးဝန်ကြီး အော်တိုစချီလီက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ သေဆုံးသွားသော ဂျာမန်တပ်ဖွဲ့ဝင် နှစ်ဦးသည် ဂျော်ဒန်မှ ဘဂ္ဂဒက်သို့ သွားရာလမ်း ဖော်လူဂျာမြို့အနီး၌ ၎င်းတို့ယာဉ်တန်းကို လွန်ခဲ့သော သီတင်းနှစ်ပတ်က ချုံခိုတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။

ကံမကောင်းစွာဖြင့် မိမိကြုံတွေ့ခဲ့ရကြောင်း၊ အလွန်အမင်း ဝမ်းနည်းမှုဖြစ်ရပါကြောင်း၊ အဆိုပါ သေဆုံးသွားသူ ဂျာမန်လုံခြုံရေးအရာရှိ နှစ်ဦးသည် နယ်စပ်၌ သေဆုံးသွားသည်မှာသေချာကြောင်း စချီလီက နိုင်ငံခြား သတင်းစာဆရာများအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ပြည်သူများအား အုပ်ချုပ်ရေးလွှဲပြောင်းမည့်ကိစ္စ သံသယဖြစ်မိကြောင်း ဆွီဒင်ဝန်ကြီးချုပ် ပြောကြား

စတော့ဟုမ်း ဧပြီ ၂၃

အီရတ်နိုင်ငံ၌ မတည်ငြိမ်မှုများသည် ဇွန် ၃၀ ရက်တွင် အမေရိကန်တို့က အီရတ်ပြည်သူများအား အုပ်ချုပ်ရေး လွှဲပြောင်းပေးရေးအတွက် အတားအဆီးဖြစ်နိုင်ကြောင်း လာမည့်သီတင်းပတ်တွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် တွေ့ဆုံမည့် ဆွီဒင်ဝန်ကြီးချုပ် ရိုရမ်မက်စ်ဆန်က ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ဇွန် ၃၀ ရက်တွင် အီရတ်တို့အား အုပ်ချုပ်ရေးလွှဲပြောင်းပေးရေးသည် အခက်အခဲများကိုတွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ်က အီရတ်ကို အမေရိကန်ကျူးကျော်မှုသည် အကျပ်အတည်းတစ်ခုသို့ဆိုက်ရောက်နေပြီဖြစ်ကြောင်း မက်စ်ဆန်က သတင်းထောက်များကို ပြောကြားသည်။

အီရတ်နိုင်ငံသည် ပြည်တွင်းဆန့်ကျင်မှုများကြီးထွားလာခြင်းကြောင့် ပရမ်းပတာဖြစ်မှုများ နက်ရှိုင်းလာကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

သွေးထွက်သံယိုဖြစ်ပွား

အမေရိကန်ပြည်ထောင်စုသည် ဇွန် ၃၀ ရက်တွင် အီရတ်ကြားဖြတ်အစိုးရ အာဏာလွှဲပြောင်းပေးရေးကို သံသယဖြစ်မိကြောင်း၊ ယခုလအတွင်း ပြန်ပေးဆွဲမှုများနှင့် သွေးထွက်သံယိုဖြစ်မှုများဖြင့် ဖြစ်ပွားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

စေလွှတ်ခြင်းမပြု

ဆွီဒင်နိုင်ငံသည် နေတိုးအဖွဲ့ဝင်ဖြစ်သော အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဒိန်းမတ်နိုင်ငံကဲ့သို့ အီရတ်သို့တပ်များ စေလွှတ်ခြင်းမပြုခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

မီးလောင်ပျက်စီး

ဧပြီ ၂၃ ရက်က ကာဘာလာမြို့တွင် အီရတ်ပြောက်ကျားတို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော အမေရိကန် စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင်များ၏ဓာတ်ပုံဖော်ပြမှု အမေရိကန်ကုမ္ပဏီဝန်ထမ်းနှစ်ဦး အလုပ်ပြုတ်

ဝါရှင်တန် ဧပြီ ၁၃

အီရတ်မှ ပြန်ရောက်လာသည့် အလံများလွှမ်းထားသော သေဆုံးအမေရိကန်တပ်ဖွဲ့ဝင်များ၏ အခေါင်းများကို ဓာတ်ပုံရိုက်ပြီးဖော်ပြခဲ့ခြင်းသည် အမေရိကန်စစ်ဘက်ဆိုင်ရာ၏ စည်းကမ်းဥပဒေကို ချိုးဖောက်သည်ဆိုကာ အမေရိကန်ကန်ထရိုက်တစ်ဦးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူသည် အလုပ်ဖြုတ်ပစ်ခြင်းခံခဲ့ကြရသည်။

ကျွန်မအလုပ်ပြုတ်ပြီး ကျွန်မခင်ပွန်းလည်း အလုပ်ပြုတ်ရကြောင်း အမေရိကန် ကုမ္ပဏီတစ်ခုအတွက် ကူဝိတ်နိုင်ငံတကာလေဆိပ်တွင် အမေရိကန်စစ်ဘက်ဆိုင်ရာ ကုန်ပစ္စည်းလေယာဉ်ပေါ်သို့တင်ပေးရသူ တာမီစီလီစီယိုက ပြောကြားသည်။

တားမြစ်

အမေရိကန်တပ်ဖွဲ့ဝင်များ၏ အလောင်းများထည့်ထားသော အခေါင်းများကို ဓာတ်ပုံရိုက်ပြီး မဖော်ပြရန် ပင်တဂွန်က တင်းကျပ်စွာ တားမြစ်ထားသည့်ပြင် သတင်းစာဆရာများကိုလည်း ဒိုဗာလေတပ် အခြေစိုက်စခန်း၌ ဓာတ်ပုံရိုက်ခြင်းကို တားမြစ်ထားသည်။ ဒိုဗာသည် နေရပ်သို့ပြန်ပို့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏အလောင်းများ ပထမရပ်တန့်ရာ နေရာဖြစ်သည်။ ဆီယက်တဲလ်တိုင်းမ်က ဖော်ပြခဲ့သည့်ဓာတ်ပုံမှာ ကူဝိတ်လေဆိပ်၌ အမေရိကန်ကုန်တင်လေယာဉ်တစ်စင်းအတွင်း အမေရိကန်အလံများ လွှမ်းထားသော အခေါင်း ၂၀ကို တပ်ဖွဲ့ဝင်များက ကြည့်ရှုနေပုံ ဖြစ်သည်။ စီလီစီယို၏ အလုပ်ရှင်ဟောင်းဖြစ်သော ကိုလိုရာဒိုအခြေစိုက် မေတက်ခ်လေယာဉ်ကော်ပိုရေးရှင်းက အမေရိကန်အစိုးရနှင့်ကုမ္ပဏီစည်းကမ်းကို ချိုးဖောက်သည့်အတွက် လင်မယားနှစ်ယောက်စလုံးကိုအလုပ်ဖြုတ်လိုက်ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

ယှဉ်ပြိုင်ကစား

ဧပြီ ၂၂ရက်က ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် မာဆေးလ်နှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် ဂိုးမရှိသရေဖြစ်သွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ပိုလန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး စဉ်းစားနေ ပိုလန်ဝန်ကြီးချုပ် လက်စ်ဇက်ခ်မီလာ ပြောကြား

ဝါဆော ဧပြီ ၂၃

စပိန်နိုင်ငံက ယင်းတပ်ဖွဲ့ဝင်များကိုနေရပ်ခေါ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် အီရတ်မှနေ၍ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကို ပိုလန်နိုင်ငံက စဉ်းစားနေကြောင်း ပိုလန်ဝန်ကြီးချုပ် လက်စ်ဇက်ခ်မီလာက ဝါဆောမြို့၌ ပြောကြားလိုက်သည်။

မိမိတို့သည်တပ်ဖွဲ့ဝင်များရုပ်သိမ်းရေးကို အလျင်စလိုမနိုင်ကြောင်း အသေအချာစဉ်းစားဆုံးဖြတ်ကာ သဘောတူမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ရုပ်သိမ်းမည်

၎င်းသည် စပိန်ဝန်ကြီးချုပ်သစ်က တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးနောက် ထို့သို့မှတ်ချက်ပေး ပြောကြားခြင်းဖြစ်သည်။ ဒိုမီနီကန်နှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့ကလည်း ၎င်းတို့၏ တပ်ဖွဲ့ဝင်များအမြန်ရုပ်သိမ်းမည်ဟု ပြောဆိုခဲ့ကြသည်။

ဖြေရှင်းရမည်

အီရတ်ပြဿနာကို စစ်ရေးနည်းလမ်းများထက်နိုင်ငံရေးနည်းလမ်းဖြင့် ရေရှည်ဖြေရှင်းရမည်ဖြစ်ကြောင်း ရာထူးမှ နုတ်ထွက်တော့မည့် ပိုလန်ဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရန်နိုင်ငံအား ပြင်သစ်သမ္မတ တိုက်တွန်း

ပါရီ ဧပြီ ၂၃

ပြင်သစ်သမ္မတဂျက်ရှီရက်သည် ပါရီမြို့၌ ဗုဒ္ဓဟူးနေ့တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံခဲ့သည့်အခါ ဥရောပနှင့် နိုင်ငံတကာဆိုင်ရာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်ရန် အီရန်နိုင်ငံအား တိုက်တွန်းခဲ့သည်။

ဥရောပနိုင်ငံများဖြစ်သော ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်တို့ဆွေးနွေးပွဲစတင်ပြီး အီရန်နိုင်ငံက အပြုသဘောဆက်လက်ဆွေးနွေးမည်ဟု ပြင်သစ်နိုင်ငံက မျှော်လင့်ကြောင်း သမ္မတရှီရက်၏ ပြောရေးဆိုခွင့်ရ အမျိုးသမီး ကက်သရင်းကိုလွန်နာက ပြောကြားသည်။

အီရန်နိုင်ငံသည် အိုင်အေအီးအေသို့ ၎င်း၏တာဝန်ခံချက်ကို လေးစားသင့်ကြောင်း သမ္မတရှီရက်ကပြောကြားသည်။နောက်ဆက်တွဲသဘောတူချက်နျူကလီးယားဒေသများအား စစ်ဆေးခြင်းနှင့် သံသယရှိစရာမလိုခြင်းတို့ကို သမ္မတရှီရက်က ရည်ညွှန်းပြောဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၄ခုနှစ် ဧပြီ ၁ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးနေသောအဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က အာဘီးလ်မြို့၌ တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပျက်စီးနေသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဈေးပျက်စီး

ဧပြီ ၂၁ ရက်က ဘာဆာရာမြို့၌ တိုက်ခိုက်မှုများဖြစ်ပွားပြီး ဈေးအဆောက်အအုံတစ်ခု ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကားဗုံးပေါက်ကွဲ

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ကားဗုံးပေါက်ကွဲ၍ မီးလောင်ကျွမ်းနေသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီ ရတ် မြင် ကွင်း

လမ်းပျက်စီး

ဧပြီ ၂၁ ရက်က ဘာဆာရာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော လမ်းကို အီရတ်တို့ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၁ ရက်က ဘာဆာရာမြို့၌ ကားဗုံးဖြင့်တိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသော နေအိမ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လင်းခေးမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (စီမံကိန်းပြီးစီးပါက စိုက်ပျိုးဧရိယာ ဧက ၃၄၀၀ ကို ရေတင်စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အားနှစ်စဉ် ကီလိုဝပ်နာရီ သန်းပေါင်း ၉၁၁ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းတွင် ပြီးစီးနေသော ရေထိန်းမျှော်စင်ကို ဤသို့ တွေ့ရသည်။

[ကွန်ချောင်း (၂) ရေလှောင်တမံစီမံကိန်း ပြီးစီးပါက လယ်မြေဧက ၂၀၀၀၀ ကို ရေပေးဝေနိုင်မည် ဖြစ်သည်။]

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

သံလွင်တံတား(မော်လမြိုင်) သံပေါင် ရာနှုန်းပြည့်တပ်ဆင်ပြီးစီး

ရေစီးသန်၍ ဝဲဂယက်ထန်သော သံလွင်မြစ်ကြီးကို ဖြတ်ကျော် တည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားကြီး သံလွင်တံတား(မော်လမြိုင်) မုတ္တမဘက်ကမ်း **RP-1**မှ မော်လမြိုင်ဘက်ကမ်း **RP-22**အထိ ပင်မတံတား အပေါ်ထည်သံပေါင် ရာနှုန်းပြည့်တပ်ဆင်ပြီးစီးမှုကို မော်လမြိုင်ဘက်ကမ်းမှ တွေ့ရစဉ်။ (ဓာတ်ပုံ-ရန်ကင်းစိုးမင်း)

ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအစည်းအဝေးခန်းမ၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်၊ တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

❑ နိုင်ငံနှင့်လူမျိုးမှ

ကော်မတီနာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုကောင်စီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို အစည်းများ၏ ကြိုးပမ်းစွမ်းဆောင်မှုများသည် သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို သိသာစွာ တိုးမြှင့်ပေးနိုင်သည်သာမက အခြားသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများ၏ တိုးတက်ဖြစ်ထွန်းမှုကိုပါ ဆက်စပ်မြှင့်တင်ပေးနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ ရှင်သန်ဖြစ်ထွန်းနေစေရအောင် အားပေးထောက်ကူ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လူဦးရေအများစုဖြစ်သည့် မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက် မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လွန်စွာမှ

ကျော်၊ သာမန်အသင်းသား ၂ ဒသမ ၉ သန်းကျော်၊ စုစုပေါင်း အသင်းသား ၃ ဒသမ၇ သန်းကျော်ကို ဖွဲ့စည်းစည်းရုံးလျက် စေတနာ့ဝန်ထမ်း လှုပ်ရှားနိုင်လျက်ရှိသည်ကို တွေ့ရကြောင်း။

ပြုစုစောင့်ရှောက်

လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုတွင်လည်း အသင်း စတင်ဖွဲ့စည်းစဉ်က မိခင်နှင့်ကလေးများကိုသာ ဦးတည်ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် လုပ်ငန်းတာဝန်များကို အမျိုးသားရေး အနှစ်သာရရှိရှိတိုးချဲ့ပြီး မိခင်ဝမ်းတွင်း ရှိစဉ်ချိန်ကစ၍ သက်ကြီးရွယ်အိုဘဝအထိ အသက်အရွယ်အဆင့်ဆင့်အတွက် စောင့်ရှောက်မှုပေးလျက်ရှိသည့်အတွက် လူ့ဘဝအစမှ အဆုံးအထိ (From womb to tomb) ပြုစုစောင့်ရှောက်မှုပေးနိုင်နေပြီဟု ဆိုရမှာဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် မိခင်နှင့်ကလေးများအတွက် အဓိကကျသည့် မိခင်သေနှုန်းနှင့် ကလေးသေနှုန်းကျဆင်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာမှာ ကျန်းမာရေးဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုများကို ရယူပြီး ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် သားဖွားခန်းများဖွင့်လှစ်ပြီး ကိုယ်ဝန်စောင့်ရှောက်မှုနှင့် အန္တရာယ်ကင်းစွာ မွေးဖွားပေးမှုများ ဆောင်ရွက်နေမှုများ၊ ကလေးသူငယ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အာဟာရပြုစုပျိုးထောင်ပေးမှုလုပ်ငန်းများ၊ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကလေးသူငယ်များ ဉာဏ်ရည်မမီဖြစ်ရခြင်းကို ကာကွယ်နိုင်ရန် ပညာပေးမှု၊ အိုင်အိုဒင်းဆားဖြန့်ဝေပေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း။

ရောဂါများ တားဆီးကာကွယ်ရေးအတွက်လည်း ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ အဆုတ်တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာသင်တန်းများ ဖွင့်လှစ်ပေးမှုများအပြင် စိတ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းများကို အင်ပြည့် အားပြည့် ဆောင်ရွက်နိုင်နေသည်ကို တွေ့ရကြောင်း။

အမျိုးသမီးဆိုင်ရာ ရောဂါရှာဖွေရေးဌာနကိုလည်း အသင်းရုံးချုပ်၌ ဖွင့်လှစ်ပြီး အမျိုးသမီးများတွင်အဖြစ်များသည့် ကင်ဆာရောဂါများနှင့် နှလုံးရောဂါတို့ကို စမ်းသပ်ရှာဖွေပေးလျက်ရှိသည်ကို တွေ့ရကြောင်း။

အားရကျေနပ်ဖွယ်

အထူးသဖြင့် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားချို့ယွင်းမှု

မိခင်နှင့်ကလေးများ ဘက်စုံဖွံ့ဖြိုးရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဆောင်ရွက်ပေးနေသည်ကို ဂုဏ်ယူဖွယ်တွေ့မြင် လုပ်ငန်းတာဝန်များ အမျိုးသားရေးအနှစ်သာရရှိရှိတိုးချဲ့၊ မိခင်ဝမ်းတွင်းမှ သက်ကြီးရွယ်အိုဘဝအထိ အဆင့်ဆင့်စောင့်ရှောက်

တိုင်းရင်းသားပြည်သူအပေါင်း ပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရေးအတွက် လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက်ပေးလျက်လည်း ရှိကြောင်း။

ယနေ့သည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံဖွင့်ပွဲအခမ်းအနားနေ့ ဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက်ရော အသင်းကြီးအတွက်ပါ အလွန်မင်္ဂလာရှိသောနေ့ဟု ဆိုနိုင်ကြောင်း။

အားပေးထောက်ကူ

ယခုကဲ့သို့ မင်္ဂလာရှိသောနေ့ဖြစ်သည်နှင့်အညီ အသင်းကြီးအတွက် ရှေ့ဆက်ပြီး အောင်မြင်မှုအပေါင်းနှင့် ရရှိဖြစ်ထွန်းပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုရေးဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံစွမ်းဆောင်ပေးနေသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး အရှိန်အဟုန်မပျက် ထက်ထက်မြက်မြက် လှုပ်ရှားဆောင်ရွက်နိုင်အောင် တစ်ဖက်ကလည်း အားပေးထောက်ကူပေးလျက်ရှိနေကြောင်း။

မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးသည် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ ကြိုးပမ်းစွမ်းဆောင်မှုအပေါ်မှာသာ အဓိကတည်မှီနေသည်ဟုလည်း နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ဤခံယူချက်နှင့်လျော်ညီစွာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူမှုရေးအသိစိတ်ဓာတ် ထက်သန်ပြင်းပြစွာဖြင့် ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းစွမ်းဆောင်မှုများသည် အရေးပါသော အခန်းကဏ္ဍမှာရှိသည်ဟုလည်း နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

ရှင်သန်ဖြစ်ထွန်း

အထူးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအလိုက် သီးသီးသန့်သန့် အာရုံစူးစိုက်ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့ အရေးပါလှသည့်အပြင် အခြေခံအကျဆုံးလည်းဖြစ်သည့် လူမှုရေးပြုစုပျိုးထောင်မှုတစ်ရပ်ဖြစ်ကြောင်း။

အထူးသဖြင့် မိသားစုကိုအခြေခံပြီး ဖွဲ့စည်းဖြစ်တည်နေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မိသားစု၏ အမြုတေဟုဆိုရမည့် မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက်ပေးခြင်းသည် မျက်မှောက်ကာလ အကျိုးဖြစ်ထွန်းမှုများကို လက်တွေ့ဖော်ဆောင်ပေးနိုင်သည်သာမက မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအမျိုးအနွယ်အတွက် ခိုင်မာပြည့်စုံသော အနာဂတ်ကို ကြိုတင်ပျိုးထောင်ပေးခြင်းလည်းဖြစ်ခြင်းကြောင့် အမျိုးသားရေးအဓိပ္ပာယ်၊ အမျိုးသားရေးအနှစ်သာရတို့နှင့် ပြည့်လျှမ်းနေသည့် မွန်မြတ်သော လူမှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ရပ်လည်းဖြစ်ကြောင်း။

ဖွဲ့စည်းထူထောင်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် လူမှုဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို မေတ္တာ၊ ကရုဏာ၊ စေတနာတို့ ပေါင်းစပ်ပါဝင် ဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့တစ်ရပ်ဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကို သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း နိုင်ငံတော်၏ မျှော်လင့်အားထားချက်နှင့် ထိုက်တန်သည့် စုစည်းညီညွတ်သော လူမှုရေးအသင်းအဖွဲ့တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး အသင်းကြီး၏ သက်တမ်း၁၃နှစ်ကျော်ကာလအတွင်း မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေးနှင့် အခြားသောလူမှုရေး၊စီးပွားရေး၊ မိသားစုဘဝလုံခြုံရေးကအစ လူမှုရေးဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းအသွယ်သွယ်ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဆောင်ရွက်ပေးနေသည်ကို အားရဂုဏ်ယူဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် ယခုအခါတွင် ဗဟိုကောင်စီဝင် ၆၁ ဦး၊ ဗဟိုအလုပ်အမှုဆောင် ၁၅ ဦး၊ မြို့နယ်အသင်း ၃၂၄ သင်း၊ ကျေးရွာ၊ ရပ်ကွက် အဆင့်နှင့် စက်ရုံ၊အလုပ်ရုံ၊ တပ်ရင်းတပ်ဖွဲ့များ၌ အသင်းခွဲ ၁၄၄၀၀ ကျော်၊ ရာသက်ပန်အသင်းဝင် ၈၆၄၀၀၀ များကြောင့် ဘဝဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည့် လူကြီးလူငယ်များကို ၂၀၀၁ ခုနှစ်ကစတင်ပြီး ပြည်နယ်နှင့်တိုင်းများတွင် အလှည့်ကျ သွားရောက်ပြီး ကျန်းမာရေး ဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်းကာ အခမဲ့ကုသပေးလျက်ရှိရာမှာ ယနေ့အထိ ဝေဒနာရှင် ၃၅၀၀ ကျော်ကို ကုသနိုင်ခဲ့ပြီး ဖြစ်သည်ကို အားရကျေနပ်ဖွယ်တွေ့ရှိရကြောင်း။

ထို့အပြင် UNAIDS အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး HIV/AIDS ရောဂါ တားဆီးကာကွယ်ရေး၊ ပညာပေးရေးနှင့် ပံ့ပိုးကူညီမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

မျိုးဆက်ပွား ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာ ဗဟုသုတများ ရရှိရုံမက ရရှိသည့်ဗဟုသုတအပေါ်အခြေခံပြီး အပြုအမူပြောင်းလဲရေး (Behaviour change) အတွက်ပါ UNFPA, UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ မိသားစုများဘဝတွင် မျိုးဆက်ပွားကျန်းမာရေးနှင့် ပြည့်စုံစေရေးအတွက် အမျိုးသမီးများသာမက အမျိုးသားများပါ ပူးပေါင်းပါဝင်လာစေရန် ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်၍လည်း ပညာပေးမှုလုပ်ငန်းများနှင့် လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်း ဖွင့်လှစ်မှုတို့ကို ၂၀၀၀ ပြည့်နှစ်မှ စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် UNFPA, International Planned Parenthood Federation, Marie Stope International အဖွဲ့အစည်းတို့နှင့်ပူးပေါင်းပြီး မြို့နယ်ငါးခု၌ လူငယ်ရိပ်မြုံ (Youth Centre) ၁၀ ခု ဖွင့်လှစ်ကာ လူငယ်လူရွယ် ၄၀၀၀ ခန့်ကို စည်းရုံးလေ့ကျင့်ပညာပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး ကြည့်မည်ဆိုလျှင်လည်း ဝင်ငွေနည်းသည့် မိသားစုများ၏ ကျောင်းနေအရွယ်ကလေးများ ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးခဲ့ရာတွင် ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ မူလတန်းအဆင့် ကျောင်းသူကျောင်းသား ခြောက်သိန်းခန့်၊ အလယ်တန်းအဆင့် နှစ်သိန်းငါးသောင်းခန့်၊ အထက်တန်းအဆင့် တစ်သိန်းငါးသောင်းကျော်နှင့် တက္ကသိုလ်အဆင့် ခြောက်ထောင်ခန့် စုစုပေါင်း ကျောင်းသူ